၂၀၁၈–၂၀၁၉ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား
နေပြည်တော်ဘူတာကြီးရှိ ပုဗ္ဗသီရိမင်္ဂလာခန်းမ၌ကျင်းပ

နေပြည်တော်၊ နိုဝင်ဘာ ၂၃

မြန်မာ့မီးရထား၏၂၀၁၈–၂၀၁၉ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား နိုဝင်ဘာ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ မြန်မာ့မီးရထား တိုင်း၁၁တိုင်းမှ တာဝန်ရှိသူ အရာထမ်းများ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အမှာစကား ပြောကြားရာတွင် မြန်မာ့မီးရထားဟာ အခုအချိန်မှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့အတွက် နိုင်ငံတကာမှပညာရှင်များရဲ့ နည်းပညာများ လုပ်ငန်းဆောင်ရွက်ရာတွင် ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့ဝန်ထမ်းများမှ ကြိုးစားလေ့လာပြီး မြန်မာ့မီးရထား လုပ်ငန်းများနှင့်အတူ လိုက်ပါတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရထားလမ်းများအားလုံးကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်သော်လည်း အရေးကြီးသည့် လမ်းကြီး(၄)ခုကိုသာ အဓိကထားပြုပြင် ဆောင်ရွက်နေရပါကြောင်း ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း ပြီးခဲ့သည် ဆောင်ရွက်ချက်များကို သင်ခန်းစာယူပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ ကိုဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း အရာထမ်းများအနေနဲ့ မိမိတို့လက်အောက်ရှိ ဝန်ထမ်းများအားလုံးကိုလည်း ပကတိအခြေအနေမှန်များကို သိရှိနိုင်ရန်ရှင်းလင်းပြဖို့လိုအပ်ပါကြောင်း ဝန်ထမ်းများ၏အခွင့်အရေး၊ အခက်အခဲများကိုသိရှိသော်လည်း အလုံးစုံပြည့်စုံအောင် ချက်ချင်းဆောင်ရွက်မပေးနိုင်ခြင်းကို ဝန်ထမ်းများမှ နားလည်ပေးစေလိုကြောင်း မှာကြားပါသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက တိုင်းအသီးသီးမှ အစည်းအဝေး တက်ရောက်သူများအား အမှာစကားပြောကြားရာတွင် မိမိတို့ရဲ့တိုင်း၊ စက်ရုံ၊ ဌာနအလိုက် မီးရထား လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရန်ဆောင်ရွက်ခဲ့မှုများကိုမျှဝေခြင်းနှင့် ပိုမိုကောင်းမွန်သောအကြံပြုချက်များရရှိစေရန် ယခုအစည်းအဝေးကို ကျင်းပပေးတာဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားရဲ့ခေတ်နောက်ကျနေတဲ့လုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပုံရိပ်ကောင်းများရရှိလာစေဖို့ ဝန်ထမ်းအားလုံးအတူ ကြိုးစားဆောင်ရွက်သွားရန်အရေးကြီးပါကြောင်း သို့မှသာခရီးသွားပြည်သူတွေကို ကောင်းမွန် ပြည့်စုံတဲ့ဝန်ဆောင်မှုများ ပေးနိုင်မှာဖြစ်ပါကြောင်း ရထားလမ်းများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရထားအချို့ခေတ္တရပ်နားထားခြင်း၊ တစ်လမ်းမောင်းစနစ်ကို ကျင့်သုံးခြင်းများကြောင့် ခရီးကြန့်ကြာမှုများကို ဝန်ထမ်းများအနေဖြင့် ပိုမိုကြိုးစားဆောင်ရွက်ခြင်းဖြင့် အချိန်ကြန့်ကြာမှု လျော့နည်းအောင်ဆောင်ရွက်

ပေးကြစေလိုကြောင်း၊ ရထားအန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆောင်ရွက်ကြဖို့လိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနဲ့ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားပါသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက ရထားစီးခရီးသည် ကနေဒါနိုင်ငံသူ၏ ကျောပိုးအိတ်အား ခိုးယူသွားသည့် တရားခံအား ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဦးယဉ်ထွေးနှင့်အဖွဲ့ ဂုတ်ထိပ်ရုံပိုင်နှင့် ရထားရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်သူ ဦးစီးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။

ထို့နောက် တိုင်းအလိုက်တာဝန်ရှိသူများမှ မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ချက်များ၊ လျာထားချက်မပြည့်မီရခြင်း၊ လုပ်ငန်းသုံးသပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်များအား တင်ပြဆွေးနွေးကြပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့မီးရထား၏နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၂ ရက် နှင့်၂၃ ရက်နေ့များတွင် (၂)ရက်ကြာကျင်းပသွားမှာဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့မီးရထား